## 7. စာမေးပွဲဖြေဆိုမည့်နေ့တွင် လိုက်နာရမည့် အချက်အလက်များ

(1) ဧည့်ကြိုကောင်တာတွင် သတိပြုရန်အချက်များ

1) စာမေးပွဲနေ့တွင် ယူဆောင်လာရမည့်ပစ္စည်းများကို ယူဆောင်လာခြင်း မရှိပါက စာမေးပွဲ ဖြေဆိုခွင့် ရရှိမည် မဟုတ်ပါ။

(2) စာမေးပွဲခန်းအတွင်းသို့ မဝင်မီ သတိပြုရန်အချက်များ

1) စာမေးပွဲခန်းထဲသို့ မဝင်မီ မျက်နှာဓာတ်ပုံ ရိုက်ကူးမည်ဖြစ်သည်။ မျက်နှာဓာတ်ပုံကို စာမေးပွဲရလဒ်အကြောင်းကြားစာတွင် အသုံးပြုမည် ဖြစ်ပါသည်။

2) စာမေးပွဲခန်းအတွင်းသို့ ကာယကံရှင်ဖြစ်ကြောင်း သက်သေခံအထောက်အထားမှအပ အခြားမည်သည့်ပစ္စည်းကိုမျှ ယူဆောင်ခွင့်မပြုပါ။ ကာယကံရှင်ဖြစ်ကြောင်း သက်သေခံအထောက်အထား မှအပ လက်ကိုင်ဖုန်း၊ ခဲတံ၊ လက်ပတ်နာရီ၊ ဂဏန်းပေါင်းစက် အပါအဝင် ကိုယ်ပိုင်ပစ္စည်းအားလုံးကို Lockerအတွင်းသို့ ထည့်ထားပါ။

3) လက်ကိုင်ဖုန်း စသည့် ပစ္စည်းများ ယူဆောင်လာခြင်း ရှိ၊ မရှိကို လုံခြုံရေးအရ စစ်ဆေးမှုများ ပြုလုပ်သွားမည် ဖြစ်ပါသည်။ တာဝန်ရှိသူ၏ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ပေးပါ။

4) လက်ကိုင်ဖုန်းစသည့် တားမြစ်ပစ္စည်းများကို ယူဆောင်ရန် ကြိုးပမ်းသည်ဟု သိရှိရပါက စာမေးပွဲဖြေဆိုခွင့် ရရှိမည်မဟုတ်ပါ။ တာဝန်ရှိသူ၏ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ပေးပါ။

5) ပြဿနာတစ်စုံတစ်ရာ မဖြစ်ပွားစေရန်အတွက် လက်ခံကောင်တာနှင့် Locker များကို

လုံခြုံရေးကင်မရာဖြင့် စောင့်ကြည့်စစ်ဆေးလျက်ရှိပါသည်။

(3) စာမေးပွဲဖြေဆိုနေစဉ်အတွင်း သတိပြုရန်အချက်များ

1) စာမေးပွဲတွင် ကွန်ပျူတာ မောက်စ် ကို အသုံးပြု၍ အဖြေများကို ရွေးချယ်ဖြေဆိုရမည်ဖြစ်ပါသည်။ ကွန်ပျူတာမျက်နှာပြင်ပေါ် ရှိ လုပ်ဆောင်ချက်ခလုတ်များ (Action Buttons) ကို နှိပ်လိုသည့်အခါ မောက်စ်ကို ရွှေ့ပြီး မျက်နှာပြင်ပေါ် ရှိ မြှားအမှတ်အသားကိုရွှေ့၍ မောက်စ်၏ ဘယ်ဘက်ခလုတ်ကို တစ်ချက် နှိပ်ပေးပါ။ မောက်စ်၏ ခလုတ်ကို တစ်ချက်သာ နှိပ်ပါ။ နှစ်ကြိမ်နှင့် အထက်မနှိပ်မိစေရန် သတိပြုပါ။

2) စာမေးပွဲမဖြေဆိုမီနှင့် ဖြေဆိုနေစဉ်အတွင်း ခန္ဓာကိုယ် သို့မဟုတ် အဝတ်အစားများပေါ်တွင် စာသားများနှင့် ဂဏန်းများ ရေးသားထားခြင်းကို မသမာမှု ဟု သတ်မှတ်မည်ဖြစ်ပြီး စာမေးပွဲခန်းအတွင်းမှ ထွက်ခွာရန် ခိုင်းစေခံရမည်ဖြစ်ကာ စာမေးပွဲဖြေဆိုခွင့် ဆုံးရှုံးမည်ဖြစ်သည်။ ကိုယ်ခန္ဓာ သို့မဟုတ် အဝတ်အစားများပေါ်တွင် စာသားများနှင့် ဂဏန်းများ ရေးသားခြင်း မပြုလုပ်ရန် အထူးသတိပြုပေးပါ။

3) စာမေးပွဲဖြေဆိုနေစဉ်အတွင်း စာမေးပွဲပုံစံနှင့် မေးခွန်းပါအကြောင်းအရာများနှင့် ပတ်သက်သော မေးမြန်းစုံစမ်းမှုများကို လုံးဝဖြေကြားပေးမည် မဟုတ်ပါ။ အကယ်၍ နားမလည်သောအချက်များ ရှိပါက သို့မဟုတ် ကွန်ပျူတာတွင် ပြဿနာတစ်စုံတစ်ရာ ဖြစ်ပေါ်ပါက ချက်ချင်း လက်ထောင်၍ (သို့မဟုတ် ခေါ်ဆိုသည့်ခလုတ်ကို နှိပ်၍) တာဝန်ကျဝန်ထမ်းကို ခေါ်ယူပေးပါ။ စာမေးပွဲပြီးဆုံးသွားပြီးမှ အကြောင်းကြားလာပါက မည်သို့မျှ ဖြေရှင်းဆောင်ရွက်ပေးနိုင်မည်

မဟုတ်ပါ။

4) မေးခွန်းများကို သတ်မှတ်ချိန်ထက် စောစီးစွာ ဖြေဆိုပြီးစီးသူများသည် စာမေးပွဲခန်းအတွင်းမှ ထွက်ခွာနိုင်ပါသည်။

5) စာမေးပွဲခန်းအတွင်း အသုံးပြုနိုင်ရန် မှတ်စုစာရွက်နှင့် ခဲတံ (သို့မဟုတ် အီလက်ထရောနစ် Pad) တို့ကို ဝေပေးပါမည်။ ထို့အပြင် ကွန်ပျူတာတွင် ပါရှိသော ဂဏန်းပေါင်းစက်ကိုလည်း အသုံးပြုနိုင်ပါသည်။

6) စာမေးပွဲဖြေဆိုနေစဉ်အတွင်း မရိုးမသား ပြုလုပ်ခြင်း များကို လုံးဝမပြုလုပ်ပါနှင့်။ မရိုးမသားပြုလုပ်ခြင်းများ မရှိစေရန်အတွက် လုံခြုံရေးကင်မရာဖြင့် စောင့်ကြည့်စစ်ဆေးလျက်ရှိပါသည်။ စာမေးပွဲခန်းအတွင်း တာဝန်ကျဝန်ထမ်းများက လှည့်လည်ကြည့်ရှုစစ်ဆေးသွားမည် ဖြစ်ပါသည်။

7) မရိုးမသားပြုလုပ်ခြင်းတစ်စုံတစ်ရာ ကျူးလွန်ပါက စာမေးပွဲဖြေဆိုမှုကို ချက်ချင်း ရပ်ဆိုင်းမည်ဖြစ်ပြီး အခန်းအတွင်းမှ ထွက်ခွာခိုင်းမည် ဖြစ်ပါသည်။

(4) စာမေးပွဲပြီးဆုံး၍ စာမေးပွဲခန်းအတွင်းမှ ထွက်ခွာရာတွင် လိုက်နာရမည့်အချက်များ

1) စာမေးပွဲဖြေဆိုပြီးပါက စာမေးပွဲခန်းအတွင်းမှ ထွက်ခွာရမည် ဖြစ်ပါသည်။

2) Lockerထဲတွင် အပ်နှံထားသော ပစ္စည်းများကို ပြန်လည်ထုတ်ယူပေးပါ။

3) Locker သော့ကို လက်ခံကောင်တာသို့ မပျက်မကွက် ပြန်လည်အပ်နှံပေးပါ။ အကယ်၍ မှားယွင်းပြီး ယူဆောင်သွားမိပါက Locker သော့ အသစ်လဲလှယ်ရန်အတွက်

ကုန်ကျစရိတ်များကို တောင်းခံသွားမည် ဖြစ်ပါသည်။

(5) အခြားသတိပြုရန်အချက်များ

1) အခြားသော စာမေးပွဲဖြေဆိုသူများ သို့မဟုတ် တာဝန်ကျဝန်ထမ်းများအား နှောင့်ယှက်ခြင်း၊ ထိခိုက်နစ်နာအောင် ပြုလုပ်ခြင်း (သို့မဟုတ်) ပြုလုပ်ရန် ကြိုးပမ်းခြင်း စသည့် လုပ်ရပ်များ ကျူးလွန်ပါက စာမေးပွဲဖြေဆိုခွင့် ဆုံးရှုံးမည် ဖြစ်ပါသည်။

2) စာမေးပွဲကျင်းပရာနေရာ (လက်ခံကောင်တာ အပါအဝင်) အတွင်း ဓာတ်ပုံရိုက်ခြင်း၊ ဗီဒီယိုရိုက်ကူးခြင်းနှင့် အသံဖမ်းယူခြင်းများကို လုံးဝခွင့်မပြုပါ။

3) ဆေးလိပ်သောက်လိုပါက သတ်မှတ်ထားသော နေရာတွင်သာ သောက်ပေးပါ။

4) စာမေးပွဲခန်းအတွင်းသို့ စာမေးပွဲဖြေဆိုမည့်သူသာလျှင် ဝင်ရောက်နိုင်ပါသည်။ (လိုက်ပါပို့ဆောင်ပေးသူများ ဝင်ရောက်ခွင့်မရှိပါ။)

5) တာဝန်ကျဝန်ထမ်းများအနေဖြင့် စာမေးပွဲရလဒ်နှင့် ရရှိသည့်အမှတ်များနှင့် ပတ်သက်သော မေးမြန်းစုံစမ်းမှုများကို လုံးဝဖြေကြားပေးမည် မဟုတ်ပါ။

## 8. မရိုးမသားပြုလုပ်ခြင်းတားမြစ်ချက်နှင့် အောင်မြင်မှုရလဒ်များအား ပယ်ဖျက်ခြင်း

(1) မရိုးမသားပြုလုပ်ခြင်းဆိုသည်မှာ အောက်ပါလုပ်ရပ်များကို ဆိုလိုခြင်းဖြစ်သည်။

1) အဖွဲ့အစည်းမှ ဆောင်ရွက်သော စာမေးပွဲဖြေဆိုခွင့် အခွင့်အရေးကို တရားမျှတစွာ ရရှိစေရေးအပေါ် ထိခိုက်နစ်နာစေသည့် လုပ်ရပ်များဖြစ်သည့် My Page တွင်

အချက်အလက်မှားယွင်းစွာစာရင်းသွင်းခြင်း နှင့် အကြိမ်ကြိမ် စာရင်းပေးသွင်းခြင်းအပါအဝင် မရိုးသားသော နည်းလမ်းများဖြင့် စာမေးပွဲဖြေဆိုခြင်း သို့မဟုတ် ဖြေဆိုရန် ကြိုးပမ်းခြင်း။

2) အဖွဲ့အစည်းမှ ဆောင်ရွက်သော ဖြေဆိုသူများ၏ အရည်အချင်းကို မှန်ကန်မျှတစွာ စစ်ဆေးတိုင်းတာမှုအပေါ် ထိခိုက်စေသည့် လုပ်ရပ်များနှင့် စာမေးပွဲကို စနစ်တကျ ကျင်းပဆောင်ရွက်မှုအပေါ် အနှောင့်အယှက်ဖြစ်စေသည့် လုပ်ရပ်များ။

3) စာမေးပွဲမေးခွန်းများကဲ့သို့သော လျှို့ဝှက်ချက်များနှင့် ပတ်သက်၍ စာမေးပွဲနှင့် သက်ဆိုင်ရာဝန်ထမ်းများထံမှ အချက်အလက် တောင်းခံခြင်း (သို့မဟုတ်) ရယူခြင်း စသည့် စာမေးပွဲ၏ လျှို့ဝှက်ချက်ကို ထိခိုက်စေသော လုပ်ရပ်များ။

4) စာမေးပွဲရလဒ် အကြောင်းကြားစာအား အတုပြုလုပ်ခြင်း

5) အထက်ဖော်ပြပါ အချက်များအပြင် စာမေးပွဲ၏ တန်းတူညီမျှမှု၊ တရားမျှတမှုနှင့် စနစ်တကျ ကျင်းပဆောင်ရွက်မှုတို့ကို အဟန့်အတားဖြစ်စေသော အခြားသော လုပ်ရပ်များ

(2) စာမေးပွဲခန်းအတွင်း အောက်ပါအတိုင်း ပြုလုပ်ခြင်းများကို မရိုးမသားပြုလုပ်ခြင်းဟု သတ်မှတ်ပြီး၊ စစ်ဆေးတွေ့ရှိသည်နှင့်တစ်ပြိုင်နက် စာမေးပွဲဖြေဆိုမှုကို ချက်ချင်း ရပ်ဆိုင်းမည် ဖြစ်ပါသည်။

1) စာမေးပွဲဖြေဆိုရန် စာရင်းသွင်းထားသူ မဟုတ်ဘဲ အခြားသူတစ်ဦးမှ ကိုယ်စားဝင်ရောက် ဖြေဆိုခြင်း

2) စာမေးပွဲခန်းအတွင်း စကားပြောဆိုခြင်း နှင့် အခြားဖြေဆိုသူ၏ ကွန်ပျူတာမျက်နှာပြင်ကို ချောင်းကြည့်ခြင်း စသည့် ခိုးချမှုများ ပြုလုပ်ခြင်း။

3) စာမေးပွဲခန်းအတွင်းသို့ အချက်အလက်များ ယူဆောင်လာခြင်း၊ စာမေးပွဲခန်းအတွင်းမှ အချက်အလက်များ အပြင်သို့ ယူဆောင်သွားခြင်း သို့မဟုတ် ထိုသို့ပြုလုပ်ရန် ကြိုးပမ်းခြင်း

4) ခွင့်ပြုထားသည့် ပစ္စည်းများမှလွဲ၍ အခြားသော ပစ္စည်းများကို စာမေးပွဲခန်းအတွင်းသို့ ယူဆောင်လာခြင်းနှင့် အသုံးပြုခြင်း သို့မဟုတ် ထိုသို့ပြုလုပ်ရန် ကြိုးပမ်းခြင်း (※)

5) စာမေးပွဲစစ်ဆေးရေးဌာနမှ ထုတ်ပေးထားသော မှတ်စုစာရွက်နှင့် အီလက်ထရွန်နစ်Padတို့မှလွဲ၍ အခြားအရာများပေါ်တွင် စာရေးသားခြင်း၊ သို့မဟုတ် ခန္ဓာကိုယ်အစိတ်အပိုင်းများပေါ်တွင် စာသားများ ရေးသားထားလျက် စာမေးပွဲခန်းအတွင်းသို့ ဝင်ရောက်ခြင်း (※)

※ယူဆောင်လာခြင်း၊ အပြင်သို့ထုတ်ယူခြင်း သို့မဟုတ် ရေးသားထားခြင်းများ ပြုလုပ်ထားသော အချက်အလက်များသည် စာမေးပွဲနှင့် သက်ဆိုင်သည်ဖြစ်စေ၊ မသက်ဆိုင်သည်ဖြစ်စေ မရိုးမသားပြုလုပ်ခြင်းဟုသာ သတ်မှတ်မည် ဖြစ်ပါသည်။

(3) မရိုးမသားပြုလုပ်ခြင်းရှိခဲ့ပါက အရေးယူဆောင်ရွက်မည့် နည်းလမ်းများ

1) မရိုးသားသောနည်းလမ်းဖြင့် စာမေးပွဲဖြေဆိုခဲ့လျှင်သော်လည်းကောင်း၊ ဖြေဆိုရန် ကြိုးပမ်းခဲ့လျှင်သော်လည်းကောင်း စစ်ဆေးပေးမည်မဟုတ်ပါ။

2) မရိုးမသားပြုလုပ်ခြင်းကြောင့် နောက်နောင်တွင် ဖြေဆိုသူ၌ အခက်အခဲတစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက OTAFF အနေဖြင့် မည်သည့်တာဝန်ယူမှု၊ တာဝန်ခံမှုနှင့်

ဝတ္တရားရှိမည်မဟုတ်ပါ။ စာမေးပွဲဖြေဆိုခကြေးငွေ ကိုလည်း ပြန်လည်ပေးအပ်မည် မဟုတ်ပါ။

3) ခန္ဓာကိုယ် သို့မဟုတ် အသုံးအဆောင်ပစ္စည်းများပေါ်တွင် စာရေးသားထားသည်ကို တွေ့ရှိပါက သက်ဆိုင်ရာ အထောက်အထားပစ္စည်းများကို မှတ်တမ်းတင်ခြင်း (ဓာတ်ပုံရိုက်ယူခြင်း အပါအဝင်) ပြုလုပ်မည် ဖြစ်ပါသည်။

4) စာမေးပွဲရလဒ်အကြောင်းကြားစာ ထုတ်ပေးပြီးမှ မရိုးမသားပြုလုပ်မှုကို စစ်ဆေးတွေ့ရှိရပါကလည်း အောင်မြင်မှုအပါအဝင် ရရှိထားသော စာမေးပွဲရလဒ်အားလုံးကို ပြန်လည်ပယ်ဖျက်သွားမည် ဖြစ်ပါသည်။ အောင်မြင်မှုအပါအဝင် စာမေးပွဲရလဒ်များကို ပြန်လည်ပယ်ဖျက်လိုက်သည့်အခါတွင် စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှတစ်ဆင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်ဝင်ခွင့်စီမံခန့်ခွဲရေးဦးစီးဌာနထံသို့ တိုက်ရိုက်သတင်းပို့အကြောင်းကြားသွားမည် ဖြစ်ပါသည်။ အဆိုပါ ပုဂ္ဂိုလ်ထံသို့လည်း အောင်မြင်မှုအပါအဝင် စာမေးပွဲရလဒ်များကို ပယ်ဖျက်ကြောင်း အကြောင်းကြားစာ ပေးပို့မည်ဖြစ်ပြီး၊ My Page တွင် တင်ပေးထားသော စာမေးပွဲရလဒ်အကြောင်းကြားစာအချက်အလက်များ ကိုလည်း ဖျက်သိမ်းသွားမည် ဖြစ်ပါသည်။

5) မရိုးမသားပြုလုပ်ခြင်းကျူးလွန်ခဲ့ပါက အများဆုံး 5 နှစ်အထိ စာမေးပွဲဖြေဆိုခွင့် ပိတ်ပင်ခြင်း ခံရနိုင်ပါသည်။